မိမိအား မိသားစုက မှည့်ခေါ်ထားသော အမည်

‘ပထမမြောက်’ လော၊ ‘ဒုတိယမြောက်’ လော၊ ‘တတိယမြောက်’ ပေလော

မိမိ အမည်အား အပြောင်းအလဲ လုပ်နိုင်သည်ဟုဆိုလျှင် ပြောင်းလဲပစ်လိုသည့် အမည် ရှိပါသလော



ဟယ်ရီဟူဒီနီမှာ မွေးဖွားစဉ် က အဲရစ်ချ်ဝစ္စ ဟူ၍ ဖြစ်သည်။ ‘အဲရစ်ချ်’ ဟု သာ ခေါ်တွင်ကြပြီး နောက်ဆုံး၌ ‘ဟယ်ရီ’ ဟု ခေါ်တွင်ကြသည်။ ‘ဟူဒီနီ’ ဟူသော အမည်ကို သူက ရွေးချယ်ခဲ့သည်။ ပြင်သစ်မျက်လှည့် ဆရာကြီး ယန်းယူဂျင်း ရောဘတ် ဟူဒီနီ အား ဂုဏ်ပြုသည့် အနေဖြင့် မှည့်ခေါ်လိုက်ခြင်း ဖြစ်သည်။

မိမိအား ချစ်စနိုးဖြင့် ခေါ်တွင်ကြသည့် အမည်များ

ဆီရောက်ခ်စ် အကြီးအကဲ စစ်တင်းဘူးလ်အား ချစ်စနိုး ခေါ်တွင် ကြသည့် အမည်မှာ ‘ငနှေး’ ဟူ၍ ဖြစ်သည်။ တော့တီးတော့တ လျှောက်သွားတတ်စဉ်က မည်သည့်အရာကိုမျှ မြန်မြန်ဆန်ဆန် လုပ်ကိုင်ခြင်း မရှိသောကြောင့်ပင် ဖြစ်သည်။



ဒေါက်တာဆီးယာ့စ်ဟု လူသိများသော သီယိုဒို ဆီးယာ့စ် ဂီ ဆယ်လ်၌ မာဂရီသာ အမည်ရှိ ညီမလေး တစ်ဦး ရှိသည်။ သို့နှင့်တိုင် ထိုညီမလေးက ‘မာနီ မက်ကာ ဒင်း ဒင်း ဂိုင်း’ ဟု သူ့ဘာသာသူ ချစ်စနိုး ခေါ်ဝေါ်သည့် အမည်ပေးခဲ့သည်။





ကိုယ်ခံပညာဆရာတစ်ဆူဖြစ်သော ဘရုစ္စလီ၏ ချစ်စနိုး ခေါ်ဝေါ်ခံရသည့် အမည်မှာ ‘မိုစီတင်’ ဟူ၍ ဖြစ်သည်။ ‘ငြိမ်ငြိမ်သက်သက် ထိုင်နေတတ်ခြင်း အလျှင်းမရှိသူ’ ဟူ၍ ဖြစ်သည်။